# သီလဝါအထူးစီးပွားရေးဇုန်




**တည်နေရာ**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်တွင်တည်ရှိပါသည်။

**တည်ထောင်ခြင်း**

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်၊ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၆၅/၂၀၁၃)ဖြင့် သီလဝါအထူးစီးပွားရေးဇုန် နယ်နိမိတ်အဖြစ် သတ်မှတ်ခဲ့ပါသည်။

**ဧရိယာအကျယ်အဝန်း**

၃။ စီမံကိန်းမြေ(စုစုပေါင်း)မှာ **၅၇၈၇.၇၁၈ ဧက (၂၄၀၀) ဟက်တာ** ဖြစ်ပါသည်။

**စက်မှုမြေငှားဂရန်ထုတ်ပေးခွင့်ပြုခြင်း**

၄။ **ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၃-၉-၂၀၁၃ ရက်စွဲပါ** အမိန့်ကြော်ငြာစာ (၁၀၉/၂၀၁၃) ဖြင့် ကျောက်တန်းမြို့နယ်မှ မြေဧရိယာ **(၃၄၉၇.၅၃) ဧကနှင့်** သန်လျင်မြို့နယ်မှ မြေဧရိယာ **(၁၅၂၉.၄၉) ဧက၊** စုစုပေါင်းမြေဧရိယာ**(၅၀၂၇.၀၂)ဧကကို** တစ်နှစ်လျှင် **မြေငှားရမ်းခ တစ်ဧက (၁၂၀၀၀)ကျပ်နှုန်း၊ စုစုပေါင်း(၆၀,၃၂၄,၂၄၀)ကျပ်ဖြင့်** စက်မှုမြေငှားဂရန် ထုတ်ပေးခွင့်ပြုခဲ့ပါသည်။

**ရင်းနှီးတည်ဆောက်သူနှင့် ရင်းနှီးငွေထည့်ဝင်မှုအချိုး**

၅။ ရင်းနှီးတည်ဆောက်သူ(Developer)အဖြစ် Myanmar Japan Thilawa Development Ltd ကို တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံမှ ၅၁% နှင့် ဂျပန်နိုင်ငံမှ ၄၉ % အချိုးထည့်ဝင်ထားပါသည်။ မြန်မာနိုင်ငံ၏ပါဝင်မှု **၅၁**% တွင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ **၁၀**% **နှင့်** Myanmar Thilawa SEZ Holdings Public Limited(မြန်မာသီလဝါ အများပိုင်ကုမ္ပဏီ)မှ **၄၁**% ဖြင့် ထည့်ဝင်ထားပါသည်။ ဂျပန်နိုင်ငံ၏ ပါဝင်မှု ၄၉ **%** တွင် ဂျပန်စီးပွားရေးအစုအဖွဲ့ဘက်မှ Japan International Cooperation Agency **(JICA)** မှ **၁၀%** နှင့် ဂျပန်ကုမ္ပဏီ(၃)ခု ဖြစ်သည့် Mitsubishi ၊ Marubeni နှင့် Sumitomo တို့က **MMS Thilawa Development Co., Ltd.** အဖြစ် ဖွဲ့စည်းပြီး **၃၉%** ဖြင့် ထည့်ဝင်ထားပါသည်။

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု**

၆။ ရင်းနှီးတည်ဆောက်သူ **Myanmar Japan Thilawa Development Ltd.** ၏ ခွင့်ပြုမတည်ငွေရင်း ( **Authorized Capital )** အမေရိကန်ဒေါ်လာ သန်း (၁၀၀)နှင့် ရင်းနှီး မြှုပ်နှံမှုမတည်ငွေရင်း (**Paid up Capital)** အမေရိကန်ဒေါ်လာ(၂၇)သန်းတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

**ဇုန်(အေ)အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေ**

၇။ ဇုန်(အေ)စီမံကိန်း -၂၀၁၄ ခုနှစ်တွင် စတင်ခဲ့ -

ပထမအဆင့် - ဟက်တာ ၂၁၁(၅၂၁.၃၈ ဧက)၂၀၁၅၊ ဩဂုတ်လထိ ၉၈% ရောင်းချခဲ့ပြီး

ဒုတိယအဆင့် - ဟက်တာ ၁၅၉(၃၉၂.၈၉၈ဧက)၂၀၁၆၊ ဩဂုတ်လထိ ၉၈% ရောင်းချခဲ့ပြီး

Residential & Commercial Area ( RCA) ဟက်တာ ၃၅ ( ၈၆.၄၅ ဧက)၅ % ပြီးစီးခဲ့

စုစုပေါင်း - ဟက်တာ ၄၀၅ ( ၁၀၀၀.၇၈ ဧက)

**ဇုန်(ဘီ) အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေ**

၈။ ဇုန်(ဘီ) စီမံကိန်း -၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ခဲ့ -

ပထမအဆင့် - ဟက်တာ ၁၀၁( ၂၄၉.၅ ဧက)၂၀၁၈၊ ဇူလိုင်လထိ ၉၀.၄၀ % ရောင်းချခဲ့ပြီး

ဒုတိယအဆင့်- ဟက်တာ ၇၇( ၁၉၀.၃ ဧက)၂၀၁၉၊ ဩဂုတ်လထိ ၈၁.၈၀ % ရောင်းချခဲ့ပြီး

တတိယအဆင့် - ဟက်တာ ၄၆(၁၁၃.၆ ဧက)၂၀၁၉၊ ဒီဇင်ဘာလထိ ၆၉.၆ % ရောင်းချခဲ့ပြီး

စတုတ္ထအဆင့် - ဟက်တာ ၃၈( ၉၃.၉ ဧက) ၂၀၂၀၊ ဒီဇင်ဘာလ ဆောက်လုပ်ရေးစီမံကိန်း

**Website**

၉။ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ **Website -**

[http://www.myanmarthilawa.gov.mm/](http://www.myanmarthilawa.gov.mm/)

၁၀။ **Myanmar Japan Thilawa Development Ltd. (Developer) Website -**

[http://www.mjtd.com.mm/](http://www.mjtd.com.mm/)

## One Stop Service Center Office




### သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် One Stop Service ရှိ ဌာနများမှာ-

၁။ အကောက်ခွန်ဦးစီးဌာန

၂။ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန

၃။ ပြည်တွင်းအခွန်များဦးစီဌာန

၄။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

၅။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဌာနခွဲ

၆။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

၇။ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန

၈။ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန

၉။ ကုန်သွယ်ရေးဦးစီးဌာန

၁၀။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

၁၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

၁၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၁၃။ ဆောက်လုပ်ရေးဝန်ကြီးဌာန

၁၄။ မီးသတ်ဦးစီးဌာန

၁၅။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

On Call

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

၂။ ငါးလုပ်ငန်းဦးစီးဌာန

၃။ မြေအသုံးချရေးဦးစီးဌာန(ဓါတ်မြေသြဇာ)

၄။ စိုက်ပျိုးရေးဦးစီးဌာန

၅။ မွေးမြူရေးဦးစီးဌာန